# CHIN NATIONAL FRONT

**General Headquarters, Chinland.**

သတင်းထုတ်ပြန်ချက်
၂၀၀၇ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့

ဆက်သွယ်ရန်
ဒေါက်တာ ရွှေခါးရှိ၊
ဖုန်း– ၉၄၃၆၃၆၁၀၀၁၂

## ချင်းအမျိုးသားတပ်ဦးနှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအကြားတွေ့ဆုံဆွေးနွေးမည့်အပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

၁။ ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် ချင်းအမျိုးသားတပ်ဦးနှင့်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အကြား တွေ့ဆုံဆွေးနွေးနိုင်ရေးကို ၁၉၉၄ ခုနှစ်မှစ၍ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များက စတင်အကောင်အထည်ဖော်ဆောင်ခဲ့ရာမှ ၁၉၉၆ခုနှစ် ဇူလိုင်လ (၂၃) ရက်နေ့တွင်ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ ယင်း အဖွဲ့၏ ကြားဝင်ကြိုးပမ်းဆောင်ရွက်မှုကြောင့် ချင်းအမျိုးသားတပ်ဦးနှင့် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီတို့သည် ၂၀၀၇ ခုနှစ်မတ်လ (၁၅) ရက်နေ့မှစတင်၍ ချင်းပြည်နယ်တနေရာတွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့အပေါ် ကျေးဇူးတင်ရှိပါသည်။

၂။ အဖွဲ့ဝင် (၁၀) ဦးပါဝင်သောချင်းအမျိုးသားတပ်ဦးကိုယ်စားလှယ်အဖွဲ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာ ရွှေခါးရှိ (ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး) နှင့်ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ပူးပေါလ်စမစ် (ပါတီဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင်) တို့မှ ဦးဆောင်သွားမည်ဖြစ်သည်။ ဤတွေ့ဆုံဆွေးနွေးပွဲသည် ချင်းအမျိုးသားတပ်ဦးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ အကြား ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်သည်။

၃။ ယခု ချင်းအမျိုးသားတပ်ဦးနှင့် လက်တွဲလျှက်ရှိသော ချင်းနိုင်ငံရေးပါတီများ၊ လူငယ်နှင့် အမျိုးသမီးအပါအဝင် အခြားလူထုအခြေပြု အဖွဲ့အစည်းများနှင့် ချင်းပြည်သူလူထု၏ ဆန္ဒသဘောထား၊ ရပ်တည်ချက်များကို အလေး ဂရုပြု ဆွေးနွေးသွားမည်ဖြစ်သည်။

၄။ ချင်းအမျိုးသားတပ်ဦးသည် မဟာမိတ်အင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားများကို ရှေ့ရှု၍ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်ရပေသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ချင်းအမျိုးသားတပ်ဦး

CHIN NATIONAL FRONT
GENERAL HEADQUARTERS
CHINLAND

Press Statement
March 12, 2007

Contact:
Dr. Sui Khar
Ph: 9436361012

**Chin National Front and State Peace and Development Council to Hold First Ever Peace Talks**

Guided by a desire for peace, Chin Christian religious leaders started an initiative in 1994 to broker peace talks between the Chin National Front and State Peace and Development Council (Previously State Law and Order Restoration Council). A Peace and Tranquility Committee Of Chin was thus established on 23rd July 1996 to advance the initiative. Through the effort of the Peace and Tranquility Committee, the Chin National Front and State Peace and Development Council are now set to meet in Chin State somewhere for peace talks on 15$^{th}$ March 2007. The CNF appreciates the Peace Committee for its effort.

The first ever talks between the two parties, the CNF peace delegation will consist of 10 representatives and will be headed by Dr. Sui Khar (Joint General Secretary of CNF) as team leader and Paul Smith (Executive Committee member of CNF) as second in charge of the delegation.

In the talks, the delegation will be emphasizing the views and positions of the Chin public and organizations working in alliance with CNF, including Chin political parties, women and youth groups and other civic organizations.

The CNF would like to emphasize that the talks will be conducted taking into consideration the interests of its allies, ethnic nationalities in order to achieve national reconciliation in Burma.

Central Executive Committee
CHIN NATIONAL FRONT